# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# တိုကျိုမြို့

## အသိပေးကြေညာချက်

၁။ ပြည်ပရောက်မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့၏ နိုင်ငံကူးလက်မှတ်များ သက်တမ်းကုန်ဆုံးသွားပါက သက်တမ်းတိုးလျှောက်ထားခြင်းကို မြန်မာနိုင်ငံ၌ ပြန်လည် လျှောက်ထားရမည် ဖြစ်ကြောင်း ဆိုရှယ်မီဒီယာနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိကြောင်း တွေ့ရှိရပြီး၊ အဆိုပါဖော်ပြချက်များသည် သတင်းမှားများသာ ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

၂။ မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် ဂျပန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်၊ အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း၊ အသစ်ထုတ်ပေးခြင်းအပါအဝင် ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များကို သံရုံး၌ **ပုံမှန်အတိုင်း** လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မြန်မာသံရုံး၊ တိုကျိုမြို့၌ သာမန်မြန်မာနိုင်ငံကူးလက်မှတ် အမျိုးအစား (၇)မျိုးဖြစ်သည့် PB (Business Passport)၊ PT (Dependent Passport)၊ PJ (Job Passport)၊ PR (Religious Passport)၊ PS (Seaman Passport)၊ PE (Student Passport) နှင့် PV (Visit Passport) များ အားလုံးကို သတ်မှတ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သက်တမ်းတိုးပေးခြင်း၊ အသစ်ထုတ်ပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ မြန်မာသံရုံး၌ ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များကို ရုံးဖွင့်ရက်များတွင် မနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ စာတိုက်မှတစ်ဆင့် လျှောက်ထားမှုများအတွက် လိုအပ်သော စာရွက်စာတမ်း၊အချက်အလက်များကို မြန်မာသံရုံး၊တိုကျိုမြို့၏ ဝက်ဘ်ဆိုက် ဖြစ်သော http://www.myanmar-embassy-tokyo.net/2022/consularamendment/revised2.htm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 013 TOKYO

**မြန်မာသံရုံး၊ တိုကျိုမြို့။**
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်။